
ထက်မြက်
လူငယ် နှင့် နိုင်ငံရေး
နိုင်ငံရေးဆောင်းပါးများ
Policy

# စာရေး သူ၏ အမှာ စာ

လူငယ်များ ၊ ကျောင်းသားများ ကို နိုင်ငံရေး နှင့် မပတ်သက်ရဟု တားမြစ်ကန့်သတ် ချုပ်ချယ်ထားသည်မှာ နှစ် ပေါင်း ၅၀ တင်းတင်း ရှိခဲ့ပေပြီ။ နိုင်ငံရေး လုပ်သော လူငယ်များ ကို နိုင်ငံတော် သစ္စာဖောက်မှု ဖြင့် အရေး ယူခဲ့သည်မှာ အလွန်အရုပ်ဆိုးလှလေသည်။ အမှော င်ခေတ်ဟု ဆိုရလောက်အောင် ၁၉၆၂ ခုနှစ် မှစ၍ ယခု ပါလီမန်ဒီမိုကရေစီစနစ် ပြန်လည်အသက်ဝင်လာမှ သာ ကျောင်းသားနှင့် နိုင်ငံရေး မှာ ဆက်စပ်မိလာပါသည်။ ၁၉၆၂ ခုနှစ် ဆဲဗင်းဂျူလိုင် အရေး တော် ပုံ ကြီး ဖြစ်ပြီးနောက် ကျောင်းသား ရာနှင့် ချီ၍ သွေးမြေကျခဲ့သလို သမိုင်းဝင် ကျောင်းသားသမဂ္ဂ အဆောက်အဦမှာ လည်း အုတ်ပုံအ ဖြစ်ရောက်အောင် မိုင်းခွဲခံခဲ့ရသည်။ ထိုမှစ၍ ကျောင်းသား သမဂ္ဂမှာ မြေအောက်အဖွဲ့အစည်းအ ဖြစ် နိုပ်ကွပ်ခံခဲ့ရတော့သည်။ စင်စစ်အားဖြင့် ယခင်က ဗကသခေါင်းဆောင် အမ်အေရာရှစ်မှ စတင်ခဲ့သည့် အဆက်ဆက်သော ဗကသခေါင်းဆောင်များ သည် အမျိုးသားလွတ်မြောက်ရေး ၊ နယ်ချဲ့ဆန့်ကျင်ရေး များ တွင် အဓိက အခန်းများ မှ ပါဝင်ခဲ့လေ သည်။ လူငယ်ကျောင်းသားခေါင်းဆောင်များ သည် ကျောင်းသားသမဂ္ဂမှ စတင်ခဲ့ခြင်း ဖြစ်၏ ။ ကျောင်းသားသမဂ္ဂခေါင်းဆောင်များ မှသည် ဒို့ဗမာ အစည်းအရုံးခေါင်းဆောင်များ ဖြစ်လာသည်။ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ ဖြစ်လာကြပါသည်။ လူငယ်နိုင်ငံရေး သမား သခင်စိုး၊ သခင်သန်းထွန်း၊ သခင်နု၊ သခင်ဘဟိန်း စသော ခေါင်းဆောင်များ သည် တိုင်းပြည်လွတ်လပ်ရေး အတွက် စွမ်းစွမ်းတမံ ပါဝင်ခဲ့ကြလေသည်။ ယခင်က နိုင်ငံရေး ကို လူငယ်များ က ခေါင်းဆောင်ခဲ့သဖြင့် ယခု ကဲ့သို့ လွတ်လပ်ရေး ရသော နိုင်ငံအ ဖြစ် ကမ္ဘာ့မြေပြင်ပေါ်၌ တည်ရှိခဲ့ခြင်း ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းဆိုလျှင် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းမှနေ ဒို့ဗမာ အစည်းအရုံးခေါင်းဆောင် သခင်အောင်ဆန်း ဖြစ်လာသည်။ နောက် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင် းရေး မှူး ရဲဘော်အောင်ဆန်း ဖြစ်လာသည်။ ထိုမှ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်အ ဖြစ် ဂျပန်ပြည်သို့ စစ်ပညာသွားသင်ကာ ဗိုလ်ချုပ်အောင်ဆန်း

ဖြစ်လာခဲ့ပါသည်။ ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်နိုင် စသည့် စသည့် ကျောင်းသားခေါင်းဆောင်များ မှာ လူငယ်များ ချည်း ဖြစ်သလို ထိုလူငယ်များ မှာ သခင်ဘဝ၊ ဗိုလ်ဘဝသို့ ပြောင်းလဲကာ တိုင်းပြည်လွတ်လပ်ရေး အတွက် ထမ်းဆောင်ခဲ့ကြသည်။ ထို့ကြောင့် လူငယ်နှင့် နိုင်ငံရေး မှာ ကင်းကွာလို့ မရပေ။

ကျောင်းသားကို နိုင်ငံရေး မလုပ်ရ၊ လူငယ်ကို နိုင်ငံရေး မလုပ်ရဟု တားဆီးပိတ်ပင်ခဲ့သော စစ်အာဏာရှင်များ ၏ ရည်မှန်းချက်မှာ မအောင်မြင်ခဲ့ပေ။ စစ်အာဏာရှင်တို့သည် လူငယ် ကျောင်းသားများ ကို နိုင်ငံရေး လောကနှင့် ကင်းကွာအောင် တားမြစ်ချုပ်ချယ်ခဲ့သည်။ မဆလ တစ်ပါတီအောက်တွင် သာ လုပ်ဖို့လည်း ကြိုး ပမ်းအားထုတ်ခဲ့၏ ။ သို့ သော် မအောင်မြင်ခဲ့ပေ။ ကျောင်းသားလူငယ်များ သည် ၁၉၆၂ မှ ၁၉၈၈ အထိ ဒီမိုကရေစီရေး အတွက် တစ်လျှောက်လုံး အနစ်နာခံကာ တိုက်ပွဲဝင်ခဲ့ကြပါသည်။ ၈၈ မျိုးဆက်ကျောင်းသားများ မှာ လူငယ်များ ချည်း ဖြစ် သလို ဒီမိုကရေစီအရေး တော် ပုံကြီးမှ မွေးဖွားပေးလိုက် ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်နှင့် နိုင်ငံရေး မှာ ကင်းကွာ၍ မရစကောင်းပေ။

တိုင်းပြည်ချစ်စိတ်နှင့် အမျိုးသားရေး စိတ်ဓာတ်ရှိနေသော လူငယ်မှန်သမျှသည် နိုင်ငံရေး နယ်ပယ်သို့ ရောက်ရှိခဲ့ကြသည်မှာ မြန်မာနိုင်ငံ၏ လွတ်လပ်ရေး ကြိုး ပမ်းမှု သမိုင်းတွင် အထင် အရှား ဖြစ်ပါသည်။ လူငယ်များ နိုင်ငံရေး တွင် ပါဝင်ပတ်သက် ပြောဆိုခဲ့ပုံကို ရေး သားကြသည့်တွင် အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို ဦးတည်ပြီး ရေး ကြလေသည်။ အမှန်စင်စစ် ဗိုလ်ချုပ် အောင်ဆန်းတစ်ဦးတည်း မဟုတ်ပေ။ ဦးရာရှစ်လို၊ ဦးဘဆွေလို၊ ဦးကျော်ငြိမ်းလို၊ ဦးသိန်းဖေမြင့် လို၊ သခင် ဘဟိန်းလို၊ ဦးနုလို လူငယ်များ က ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ကြသူများ ချည်း သာ ဖြစ်လေသည်။ အထင်ရှားဆုံးသော လူငယ်နိုင်ငံရေး သမား ခေါင်းဆောင်များ အကြား ပြောမည် ဆိုလျှင် သခင်စိုးနှင့် သခင်သန်းထွန်းတို့ကို ထိပ်ဆုံးနေရာ ထားရပေမည် ။ နယ်ချဲ့ ဆန့်ကျင်ရေး ၊ အမျ ိုးသားလွတ်မြောက်ရေး ၊ ဒီမိုကရေစီရေး ၊ ဆိုရှယ်လစ်ရေး တို့တွင် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သူများ ဖြစ်ပါသည်။ ထိုသမိုင်း ဖြစ်ရပ်မှန်အား ဆင်သေကို ဆိတ်ရေဖြင့် ဖုံးအုပ်၍

မရနိုင်ပေ။ မြန်မာ့လွတ်လပ်ရေး သမိုင်းတစ်လျှောက်လုံးတွင် လူငယ်သခင်များ မှာ ကျွန်တော် တို့၏ လွတ်လပ်ရေး ကျေးဇူးရှင်များ ဖြစ်၏ ။ ကျွန်တော် တို့၏ ဒီမိုကရေစီရေး နှင့် ဆိုရှယ်လစ်ရေး ကျေးဇူးရှင်များ ဖြစ်၏ ။ သူတို့သာ အနစ်နာခံပြီး ကိုယ်ကျိုးစွန့် အားမထုတ်ခဲ့လျှင် မည် သည့်အချိန် အထိ နယ်ချဲ့သမားလက်ထဲ ကျွန်သဘောက် ဖြစ်နေဦးမည် မသိပေ။

လူငယ်နှင့် နိုင်ငံရေး မှာ ခွဲခြား၍ မရပေ။ လူငယ်ဘဝသည် နိုင်ငံအတွက် စွန့်လွှတ်အနစ်နာ ခံ လုပ်ဆောင်သော ကြောင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး ဖြစ်တည်လာရပါသည်။ နိုင်ငံရေး သမား ဆိုသည်မှာ လွယ်လွယ်ကူကူ ရရှိသော နေရာ မဟုတ်ပေ။ နိုင်ငံရေး သမားဆိုသော ဂုဏ်ပုဒ်ကင်ပွန်း တပ်ခံရသူမှာ တော် ရုံတန်ရုံ ပါရမီ၊ တော် ရုံတန်ရုံ အရည်အချင်းဖြင့် ရနိုင်မည် မဟုတ်ပေ။ ဥပမာ ဗိုလ်ချုပ်အောင်ဆန်း ဆိုပါစို့။ ဗိုလ်ချုပ်အောင်ဆန်းမှာ အဘိုး ဖြစ်သူ ဗိုလ်မင်းရောင် ၏ သွေး ပါသည် ဟုပင်ဆိုဆို၊ သူကိုယ်၌ က နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ လွတ်လပ်ရေး ရလိုမှု စိတ်ဓာတ်များ ပြင်းပြလာခြင်းကြောင့် လူငယ်နိုင်ငံရေး သမားများ ဖြစ်လာသည်မှာ သိသာပါသည်။ မိဘမျိုးရိုး အနေဖြင့် ဆင်းရဲလှသည်မဟုတ်။ လယ်ကူလီစာရင်းငှားလည်း မဟုတ်။ သူတို့ရွာတွင် ချမ်းသာ သော တင့်တောင့်တင့်တယ် နေနိုင်သော မိဘများ မှ မွေးဖွားလာသူ ဖြစ်ပါသည်။ သားသမီး အားလုံးကို မြို့ ကျောင်း ပို့နိုင်လောက်သည်အထိ ချမ်းသာကြပါသည်။ ကလေးဘဝက နယ်ချဲ့ ဆန့်ကျင်ရေး အကြောင်း၊ လွတ်လပ်ရေး အကြောင်း သိမည် မဟုတ်သော်လည်း မဟုတ်မခံစိတ်၊ အမှန်တရားကို ချစ်စိတ်များ ရှိခဲ့သည်မှာ သူ၏ ဗီဇပင် ဖြစ်သည်။ အသက်အရွယ်ရလာ၊ အတွေ့ အကြုံရလာ၊ ကျောင်းသင်ပညာကို တတ်ကျွမ်းလာသည့်အခါ မျိုးချစ်စိတ်ဓာတ်မှာ လည်း သူ့ခေါင်း ထဲတွင် နိုးကြားလာပါသည်။ တက္ကသိုလ်တွင် သူ၏ မူလဗီဇအမှန်တရား ချစ်မြတ်နိုးစိတ်နှင့် အတူ နိုင်ငံရေး စိတ်ဓာတ်များ မှာ မီးတောက်မီးလျှံလို တဟုန်းဟုန်း တောက်လောင်လာတော့သည်။ ဗိုလ်ချုပ်အောင်ဆန်းလို လူငယ်နိုင်ငံရေး သမား တစ်ယောက် အား ပြန်လည်ဆန်းစစ်ကြည့်လျှင် ပါရမီရှိ၍ ဖြစ်လာသည်။ အသက်ကိုပင် စတေးသည့် နိုင်ငံရေး သမား ဖြစ်လာပါသည်။ အလွန်

ထူးချွန်သော သိပ္ပံပညာရှင်များ၊ ဒဿ  နပညာရှင်များ ရှိချင်ရှိပေလိမ့်မည်။ သူတို့သည်လည်း တစ်ထောင် တစ်ယောက်၊ တစ်သော င်း တစ်ယောက် ပါရမီရှိသော သူများ ဖြစ်သလို အလွန် ရှားရှားပါးပါး ပေါ်ထွန်းလေ့ရှိပါသည်။ ထိုနိုင်ငံရေး သမားများ မှာ လူငယ်ဘဝကတည်းက နိုင်ငံရေး ကို လေ့လာဆည်းပူး စွန့်လွှတ် အနစ်နာခံခဲ့ကြခြင်း ဖြစ်သည်။ သမိုင်းတစ်လျှောက်တွင် အလွန် ထူးချွန်ပြီး အသက်ကိုပင် ပေးဆပ်နိုင်သော နိုင်ငံရေး သမားများ ကို တွေ့ ရပါသည်။ ဖရန်ကလင် ဒီလာနို ရုစဗဲ့လို၊ ချာချီလို၊ လီနင်လို၊ ဂန္ဒီလို၊ မော်စီတုန်းလို လူငယ်ဘဝကတည်းက တိုင်းပြည် အတွက် နိုင်ငံရေး လောကထဲသို့ ခြေစုံပစ်၍ နိုင်ငံရေး သမား ဖြစ်ခဲ့သူများ မှာ အတုယူစရာချည်းသာ ဖြစ်၏ ။ မိုလ်ချု ပ်အောင်ဆန်းမှာ လည်း ထိုကဲ့သို့ ပင် တိုင်းပြည်အတွက် ကိုယ်ကျိုးမဖက် အသက် စွန့်ခဲ့သော နိုင်ငံရေး သမား ဖြစ်ပါသည်။

မြန်မာ့နိုင်ငံရေး သမိုင်းတွင် အထူးချွန်ဆုံးသော နိုင်ငံရေး သမားတစ်ဦးမှာ သခင်စိုး ဖြစ်၏ ။ သခင်စိုးသည် ပြောစမှတ်ပြုလောက်အောင်ပင် မာ့က်စ်ဝါဒကို လေ့လာစွဲမြဲခဲ့သူ ဖြစ်သည်။ သူလည်း နိုင်ငံရေး သတ္တဝါ ဖြစ်ပါသည်။ ကိုယ်ရေး ကိုယ်တာ ကိစ္စအမျိုးမျိုးရှိနိုင်သော် လည်း သူသည် တိုင်းပြည် လွတ်လပ်ရေး အတွက် စွန့်လွှတ်အနစ်နာခံခဲ့သော ခေါင်းဆောင် ဖြစ်သည်ကို မှတ်တမ်းတင် ရပေမည် ။ သူ ဖြစ်တည်ခဲ့သော ဖြစ်စဉ်တစ်ခုလုံးကို သမိုင်းတွင် ကမ္ပည်းတင်ရမည် ဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်တည်ထောင်ခဲ့သူ၊ ဗမာပြည် ကွန်မြူနစ်ပါတီမှ ခွဲထွက် ကာ အလံနီ ကွန်မြူနစ်ပါတီကို ထူထောင်ခဲ့သူ၊ နောက် အလုပ်သမား၊ လယ်သမားများ အတွက် လက်နက်စွဲကိုင်ကာ တော် လုန်ခဲ့သူ၊ နောက် မဆလအစိုးရထံ လက်နက်ချခဲ့သူ၊ သူ့သမိုင်းတွင် အကောင်းများ ရှိသလို အဆိုးများ လည်း ရှိနိုင်ပါသည်။ ပုဂ္ဂိုလ်ရေး ပြဿ နာများ လည်း ရှိနိုင်ပါသည်။ လူများ လက်မခံနိုင်စရာ ကိုယ်ကျင့်တရားအကြောင်းများ လည်း ရှိချင်ရှိနိုင်ပါသည်။ မည် သို့ ပင် ဖြစ်စေ သူသည် ကြီးမားသော မြန်မာ့နိုင်ငံရေး သမိုင်းတွင် ထိပ်ဆုံးတန်း၌ ပါဝင်ခဲ့သူ ဖြစ်ပါသည်။

နောက်တစ်ဦးမှာ သခင်သန်းထွန်း ဖြစ်၏ ။ အာဏာရသူနှင့် အာဏာမဲ့သူ၊

အစိုးရနှင့် သူပုန် စသော အုပ်စိုးသူနှင့် အုပ်စိုးခံ၊ ဖိနှိပ်သူနှင့် အဖိနှိပ်ခံဘဝများ တွင် အထက်စည်းတွင် ရှိသူက အောက်စည်းတွင် ရှိသူကို အမှန်တရားအား ချေဖျက်ပြီး သမိုင်းအမှား များ ရေး လေ့ရှိ၏ ။ အမှန် တရားကို ဖျောက်ဖျက်လေ့ရှိ၏ ။ ထိုအခါမှသာ မိမိဆန့်ကျင်ဘက် အတိုက်အခံအပေါ် အာဏာရှိသူ က အသရေဖျက်၍ ရနိုင်ပေမည် ။ သခင်သန်းထွန်းသည် လူငယ်ဘဝကတည်းက ပါရမီရှင် နိုင်ငံရေး သမားတစ်ဦးဟု ဆိုရပေလိမ့်မည် ။ မြန်မာ့လွတ်လပ်ရေး အတွက် ဖက်ဆစ်ဂျပန် တော်လှန်ရေး အတွက် မဟာဗျူဟာများ ရေး ဆွဲရာတွင် သခင်သန်းထွန်းက အဓိကကျလေသည်။ သူနှင့် သခင်စိုးတို့ ပူးပေါင်းကာ နယ်ချဲ့ဆန့်ကျင်ရေး ၊ ဖက်ဆစ်ဆန့်ကျင်ရေး ၊ အမျိုးသား လွတ်မြောက်ရေး တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဖဆပလသည် အင်အားအတောင့်တင်းဆုံးသော တပ်ဦးအဖွဲ့ကြီး ဖြစ်သည်။ ထိုတပ်ဦးအဖွဲ့ကြီးကို ဦးဆောင်ခဲ့သူမှာ သခင်သန်းထွန်း ဖြစ်၏ ။ ထိုအ ဖြစ်မှာ သမိုင်းတွင် အမှန်တကယ် တည်ရှိခဲ့သော သမိုင်း ဖြစ်ရပ်မှန်ဆိုသည်ကို ငြင်းကွယ် မရနိုင်၊ ဖျောက်ဖျက်မရနိုင်ပေ။ ထို့အတူ ဖဆပလ အဖွဲ့ကြီးထဲတွင် အင်အားအတောင့်တင်းဆုံး၊ အရည်အချင်းအရှိဆုံး၊ စွန့်လွှတ်အနစ်နာခံဆုံး ပါတီကြီးမှာ လည်း ဗမာပြည် ကွန်မြူ နစ်ပါတီကြီး ဖြစ်ကာ ထိုပါတီကို ခေါင်းဆောင်ခဲ့သူမှာ လည်း သခင်သန်းထွန်းပင် ဖြစ်ပါသည်။ ဖဆပလအဖွဲ့တွင် ရော၊ နိုင်ငံရေး သမားများ ထဲတွင် ရော သခင်သန်းထွန်းကို လက်ခံသူရှိသလို လက်မခံသူလည်း ရှိပါသည်။

၁၉၄၈ ခုနှစ် ၊ လွတ်လပ်ရေး ရပြီးသည်နှင့် ပြည်တွင် းစစ်မီး ဟုန်းဟုန်းတောက်ခဲ့လေသည်။ သခင်သန်းထွန်းမှာ သူပုန်ခေါင်းဆောင် ဖြစ်သွားတော့၏ ။ ထိုသူပုန်ခေါင်းဆောင်ကို အုပ်စိုးသူကို ဖဆပလအစိုးရက အမနာပပြောဆိုမှု များ ၊ ဘာသာရေး အယူဝါဒအရ ဆက်နွယ်ပြီး တိုက်ခိုက် ဆန့်ကျင်မှု များ ပြုလုပ်လာသည်။ သခင်သန်းထွန်းကို အာဏာရူးဟု စွပ်စွဲကြသည်။ အမှန်မှာ မူ စစ်တပ်နှင့် ကျားကန်ပြီး အာဏာကို အရူးအမူး ရယူထားသူများ မှာ ဖဆပလခေါင်းဆောင်များ သာ ဖြစ်လေသည်။ ထိုသမိုင်း ဖြစ်ရပ်မှန်များ ကို ဖုံးကွယ်၍ မရနိုင်ပေ။ သခင်သန်းထွန်းသည် သူပုန်ဘဝ ဖြင့် ပင် ကျဆုံးခဲ့၏ ။ သူလျှိုဟုယူဆရသော တောခိုစစ်သားတစ်ဦး၏ လုပ်ကြံသတ်ဖြတ်မှု ကို ခံခဲ့ရ

သည်။ သူ့သမိုင်းတွင် ကိုယ်ကျိုးရှာခဲ့သည်ကို ဘာတစ်ခုမှ မတွေ့ရပေ။ သူလည်း ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် တိုင်းပြည်အတွက် လုံးဝ အနစ်နာခံ၊ ကိုယ်ကျိုးမရှာဘဲ ကျဆုံးသွားသူ တစ်ယောက် ဖြစ်ပါသည်။ ကွယ်လွန်သွားခဲ့သော နိုင်ငံရေး ခေါင်းဆောင်များ ၊ တိုင်းပြည်ကို အုပ်ချုပ် ခဲ့သော ဗိုလ်ချုပ်ဟောင်းများ အများ အပြားမှာ နောက်ဆုံးအချိန်ထိ သူတို့ဘဝကို အေးချမ်းညင်သာ စွာ ကုန်ဆုံးခဲ့သူများ က များ ၏ ။ သူတို့၏ ဘဝ၊ မိသားစု၏ ဘဝများ အတွက် မကြောင့် မကြ၊ မတောင့်မတ ကိုယ်ကျိုးရှာခဲ့သူက များ သည်။ သခင်သန်းထွန်းမှာ ထိုသို့ မဟုတ်ပေ။ သူ့တွင် ခြူး တစ်ပြားမှ မကျန်။ ထို ဖြစ်ရပ်မှန်နှင့် သမိုင်းအမှန်ကို နိုင်ငံရေး လုပ်နေသော လူငယ်များ အဖို့ အာဃာတကင်းကင်း၊ ဂိုဏ်းဂဏကင်းကင်း၊ နိုင်ငံရေး အစွဲကင်းကင်း သဘောပေါက်ဖို့ လိုပါသည်။

နောက်တစ်ဦးမှာ သခင်ဘဟိန်း ဖြစ်၏ ။ သခင်ဘဟိန်း၏ မိသားစုမှာ ကြွယ်ဝသူများ ဖြစ်ကာ ငယ်စဉ်ကတည်းက သူသည် မတောင့်မတ နေခဲ့ရသူ ဖြစ်သည်။ သို့သော် ပါရမီရှင်ဟု ပြောရမလားမသိ၊ ထင်ရှားသော နိုင်ငံရေး သမားတစ်ဦး ဖြစ်လာခဲ့ပါသည်။ သေသည်အထိ ယုံကြည်ချက်ကို မစွန့်လွှတ်ဘဲ ပြတ်ပြတ်သားသား မာ့က်စ်ဝါဒကို ကိုင်စွဲခဲ့သူတစ်ဦး ဖြစ်ပါသည်။ သမိုင်းတွင် အထင်ရှားဆုံးသော မိန့်ခွန်းအများ အပြား ရှိ၏ ။ ဗိုလ်ချုပ်အောင်ဆန်း၏ "အနီးကပ်ဆုံး ရန်သူကို ရွေးတိုက်ကြ" ဆိုသော ဖက်ဆစ်တော် လှန်ရေး မိန့်ခွန်းမျိုးမှာ သမိုင်းတွင် အကောင်း ဘက်မှ အလွန်ထင်ရှားခဲ့သလို မဆလပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း၏ "သေနတ်ဆိုတာ မိုးပေါ်ထောင် မပစ်ဘူး၊ တည့်တည့်ပစ်တတ်တယ်" လို့ မိန့်ခွန်းမျိုးမှာ မူ ယခုထက်တိုင် နာမည် ဆိုးဖြင့် ကျော်ကြား ပြီး မြန်မာပြည်သူ ထောင်ပေါင်းများ စွာ ကို သွေးချောင်းစီးစေသော မိန့်ခွန်းအ ဖြစ် ကမ္ဘာက အသိအမှတ်ပြုခဲ့ပါသည်။ သခင်ဘဟိန်း၏ ၁၃၀၀ ပြည့်အရေး တော် ပုံ ရေနံမြေသပိတ်တွင် ပြောကြားခဲ့သော ဗြိတိသျှအစိုးရကို စိန်ခေါ်ပြီး စစ်မောင်းသံပေးလိုက် သည့် "မြင်းခွာတစ်ချက် ပေါက်လျှင် မီးဟုန်းဟုန်းတောက်စေမယ်" ဆိုသော မိန့်ခွန်းမျိုးမှာ သမိုင်းကျောက်စာတွင် ဘာနှင့် မျှဖျက်၍ မရသော ကြက်သီးမွေးညင်းထလောက်သည့် မိန့်ခွန်း ဖြစ်ပါသည်။

သခင်ဘဟိန်းသည် ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုဘဟိန်းမှနေ ဒို့ဗမာအစည်းအရုံး ခေါင်းဆောင် သခင်ဘဟိန်း ဖြစ်လာသည်။ နောက် ဗမာပြည် ကွန်မြူနစ်ပါတီခေါင်းဆောင် ရဲဘော် ဘဟိန်း ဖြစ်လာ၏ ။ တိုင်းပြည်အရေး အတွက် နေ့မအားညမနား ဆောင်ရွက်ခဲ့သည်။ ပါတီ အတွက်၊ တိုင်းပြည်လွတ်လပ်ရေး အတွက်၊ ပြည်သူအတွက် အရာရာကို စွန့်လွှတ်အနစ်နာခံသူ ဖြစ်ပါသည်။ နောက်ဆုံး ဆေးရုံပေါ်၌ ကွယ်လွန်သည်အထိ လက်ဝဲညီညွတ်ရေး ၊ ဖဆပလ ညီညွတ်ရေး ၊ တိုင်းပြည်ညီညွတ်ရေး အတွက်သာ အာရုံရှိပြီး နိုင်ငံရေး သမားအ ဖြစ်နှင့် ကွယ်လွန် သွားခဲ့လေသည်။ ထို့ကြောင့် နိုင်ငံရေး သမားတိုင်းလိုလိုမှာ လူငယ်များ ချည်း ဖြစ်၏ ။ ကျောင်းသား နိုင်ငံရေး မလုပ်ရ၊ လူငယ်နိုင်ငံရေး မလုပ်ရဟု ဖိနှိပ်လိုသော အာဏာရှင်များ က သမိုင်းကို ဖျက်ဆီးပြီး မဟုတ်မမှန် ဖော်ပြတတ်လေသည်။ အမှန်စင်စစ်အားဖြင့် လူငယ်နှင့် နိုင်ငံရေး မှာ အမြဲ ယှဉ်တွဲ နေ၏ ။ နိုင်ငံရေး သမားများ သည် လူငယ်များ ချည်း ဖြစ်သည်။ လူငယ်ဘဝ၊ ကျောင်းသား ဘဝများ မှ နိုင်ငံရေး သမားများ ဖြစ်လာကြသည်။ နိုင်ငံရေး သမားများ မှာ မိုးကျရွှေကိုယ်များ မဟုတ်။ နိုင်ငံရေး လုပ်သည် မလုပ်သည်ထား၊ လူငယ်များ မှာ နိုင်ငံရေး ကိုကား နားလည်ရပေမည် ။ တိုင်းပြည် ကြီးပွားတိုးတက်ရေး အတွက် လူငယ်တိုင်းသည် နိုင်ငံရေး လုပ်ရပေလိမ့်မည် ။

ထက်မြက်

******

# ဘရာဗို ၂၀၁၂

လွန်ခဲ့တဲ့ ရာစုနှစ် တစ်ခုလောက်ကဆိုရင် အာရှတိုက်ဟာ ခေတ်နောက်ကျတဲ့ဒေသအ ဖြစ် ရှိနေဆဲပါပဲ။ ဥရောပနိုင်ငံတွေ ရဲ့ ကျွန်ပြုခံရာ ကိုလိုနီနယ်မြေတွေ အ ဖြစ် အာရှတိုက်ဟာ နယ်ချဲ့ သမားမျိုးစုံရဲ့ သွေးစုပ်မှု ကို ခံခဲ့ရတယ်။ ပြင်သစ်၊ ဒတ်ချ်၊ အင်္ဂလိပ် စတဲ့ ဥရောပနိုင်ငံတွေ တင်မက ဘူး၊ ဂျပန်လို ဖက်ဆစ်နိုင်ငံရဲ့ ကျွန်ပြုမှု ကို ခံခဲ့ရတဲ့ဒေသပါ။ ဒီလိုအခြေအနေက လွတ်မြောက်လာ တာ ရာစုနှစ် တစ်ခု မရှိသေးပါဘူး။ တရုတ်လို၊ အိန္ဒိယလို နိုင်ငံကြီးတွေ ဟာလည်း ကိုလိုနီနိုင်ငံ ဖြစ်ခဲ့တာပါပဲ။ ဗြိတိသျှတို့ဟာ အိန္ဒိယနိုင်ငံကို နှစ် ပေါင်းရာနဲ့ချီ ကျွန်ပြုအုပ်ချုပ်ခဲ့တယ်။ တရုတ်နိုင်ငံ ဆိုရင် ဗြိတိသျှရော၊ ဂျပန်ရော နယ်ချဲ့နိုင်ငံအသီးသီးက ကျွန်ပြုအုပ်ချုပ်ခဲ့တာ ကမ္ဘာ့နိုင်ငံအားလုံး အသိပါပဲ။ ဒါပေမဲ့ သံသရာတစ်ပတ်လည်သလို အခြေအနေတွေ ဟာ ၂၁ ရာစုအတွင်း း လုံးဝ ပြောင်းလဲသွားခဲ့ပါပြီ။ အောက်တန်း နောက်တန်းကျပြီး ကျေးကျွန်သဖွယ် အနိုင်ကျင့်ခံခဲ့ရတဲ့နိုင်ငံ တွေ ဟာ အခုဆိုရင် အင်အားကြီး အနောက်နိုင်ငံကြီးတွေ မော့ကြည့်ပြီး လက်ဖြန့်ခံရတဲ့ အရှင် သခင်လိုနိုင်ငံတွေ ဖြစ်ခဲ့ပါပြီ။

ကမ္ဘာ့စီးပွားရေး အခြေအနေဟာ ယခင်က ကမ္ဘာကို လွှမ်းမိုးခြယ်လှယ်ထားတဲ့ အနောက် နိုင်ငံတွေ မှာ တော့ အကြီးအကျယ် ကျဆင်းလာတယ်။ စီးပွားရေး အတောင့်တင်းဆုံး အမေရိကန် နိုင်ငံမှာ ဆိုရင် လွန်ခဲ့တဲ့ ဆယ်စုနှစ် တစ်ဝက်လောက်ကတည်းကစပြီး စီးပွားရေး ကျဆင်းမှု ကြီးနဲ့ ကြုံလာတယ်။ ကုမ္ပဏီတွေ ဒေဝါလီခံရတဲ့အဆင့်ကို ရောက်လာပါတယ်။ ဒါကို ကယ်တင်ဖို့ အမေရိကန်အစိုးရက ကြိုး စားပေမယ့် ခေါင်းပြန်မော့နိုင်မယ့် အခြေအနေကို မရောက်နိုင်သေးပါ ဘူး။ အလုပ်လက်မဲ့ပြဿ

နာ၊ ငွေတန်ဖိုးကျဆင်းတဲ့ ပြဿ နာ၊ အိမ်ခြံမြေဈေးနှုန်းတွေ အဆမတန် ကျဆင်းတဲ့ပြဿ

နာတွေ နဲ့ ကြုံလာရပြီး မရှုနိုင်မကယ်နိုင် ဖြစ်လာပါတယ်။ မနေ့တစ်နေ့က ပြောတဲ့ ဘားရက်အိုဘားမားရဲ့ မိန့်ခွန်းထဲမှာ နှစ် ပေါင်းအတော် ကြာအောင် စီးပွားရေး ဆက်လက် ကျဆင်းနေဦးမယ်။ စီးပွားရေး ပြန်ကောင်းဖို့ အသည်းအသန် ကြိုး စားရဦးမယ်လို့

ပြောပါတယ်။ ဥရောပဘက်ကို ကြည့်ရင်လည်း ဥရောပမှာ နိုင်ငံနှစ် နိုင်ငံက ဝန်ကြီးချုပ်နှစ် ယောက် စလုံး ပြုတ်သွားတဲ့အထိ ဆိုးဝါး သွားပါတယ်။ ဂရိက အဆိုးဆုံးပါပဲ။ ဂရိရဲ့ စီးပွားရေး ကိုကယ်တင်ဖို့ ဥရောပသမဂ္ဂက ကြိုး စားဆယ်တင်ပါတယ်။ ပထမအကြိမ်မရလို့ ဒုတိယအကြိမ် ငွေကြေးအောပြီး ချေးငှားကြတယ်။ ပြင်သစ်နဲ့ ဂျာမနီတို့ပေါ့။ ဒါပေမဲ့ ဂရိစီးပွားရေး ကို အာမခံချက်ရှိပြီလို့ မပြောနိုင် ပါဘူး။ အီတလီမှာ ဝန်ကြီးချုပ် ဘာလူစကိုနီဟာ ယခုဆိုရင် ဝန်ကြီးချုပ်ရာထူးက ဆင်းပေးလိုက် ရ ပြန်ပြီ။ နောက်တက်တဲ့ဝန်ကြီးချုပ် ကတော့ စီးပွားရေး ကောင်းအောင်လို့ အာမခံချက်ပေးပါရဲ့ ။ ဒါပေမဲ့ လုပ်နိုင်မယ်လို့တော့ ပြောမရပါဘူး။ တစ်ချိန်တည်းမှာ အားကောင်းနေတဲ့ ယူရိုငွေကြေး ဟာလည်း ဖျက်သိမ်းရမလိုလို၊ ကိုယ့်နိုင်ငံငွေကြေးပဲ ပြန်သုံးရမလိုလိုနဲ့ အကျပ်အတည်းကြား ရောက်နေပြန်ပါပြီ။

ဒီလိုအခြေအနေမျိုးမှာ အနောက်စီးပွားရေး ကို ကယ်တင်ဖို့ဆိုပြီး ကမ္ဘာက မျှော်လင့်နေတဲ့ နိုင်ငံတွေ ကတော့ တရုတ်နဲ့ အိန္ဒိယပါပဲ။ တရုတ်စီးပွားရေး ဟာ ယခုအချိန်ထိ အကျဘက်မရောက် ဘဲ အတက်ဘက်ချည်း ဆက် ဖြစ်နေတယ်။ ပညာရှင်တွေ ရဲ့ ခန့်မှန်းချက်အရ တရုတ်ဟာ မကြာခင် ကမ္ဘာမှာ စီးပွားရေး အတောင့်တင်းဆုံးနိုင်ငံ ဖြစ်လာမယ်လို့ ဆိုကြပါတယ်။ ၂၀၁၀ မှာ ကမ္ဘာမှာ ဒုတိယနေရာရှိခဲ့တဲ့ ဂျပန်နိုင်ငံကို တရုတ်က ကျော်တက် သွားပါပြီ။ ကမ္ဘာမှာ ဒုတိယ စီးပွားရေး အင်အားအကောင်းဆုံးနိုင်ငံ ဖြစ်လာပါပြီ။ ၂၀၁၆ ခုနှစ် မှာ တရုတ်စီးပွားရေး ဟာ အမေရိကန်ကို ကျော်တက်သွားတော့မယ်လို့ ဆိုတယ်။ ၂၀၂၀ ခုနှစ် မှာ ကမ္ဘာမှာ အချမ်းသာဆုံး၊ စီးပွားရေး အင်အား အတောင့်တင်းဆုံးနိုင်ငံကြီးအ ဖြစ် တရုတ်က ရရှိမှာ ဖြစ်တယ်လို့ ဘောဂဗေဒ ပညာရှင်တွေ ၊ စီးပွားရေး ကျွမ်းကျင်သူတွေ က သတ်မှတ်တာကို သိရှိရပါတယ်။ တရုတ်ဟာ အကြွေးတွေ များ နေတဲ့ အမေရိကန်ကို ဒေါ်လာသန်းပေါင်း ၃ ဒသမ ၂ ထရီလီယံ ချေးငှားထား တယ်လို့ သိရပါတယ်။ အနောက်နိုင်ငံတွေ မှာ တရုတ်က ရင်းနှီးမြှုပ်နှံပြီး စီးပွားရေး လုပ်ငန်းတွေ ၊ အင်ဖရာစထရပ်ချာ (Infra Structure) ဆိုတဲ့ အခြေခံအဆောက်အအုံတွေ ကို အကြီးအကျယ် တည်ဆောက်ပေးလာပါတယ်။ ဥပမာ

အင်္ဂလန်နိုင်ငံက လီဗာပူးမြို့ ကိုဆိုရင် အိုမင်းတဲ့အဆောက် အအုံတွေ ၊ လမ်းတွေ ၊ တံတားတွေ ကို တရုတ်က ပြန်ပြင်ဆောက်ပေးတယ်လို့ သိရပါတယ်။

တရုတ်စီးပွားရေး တစ်ဟုန်ထိုး တိုးတက်နေသလို အိန္ဒိယစီးပွားရေး ကလည်း ကြောက်ခမန်းလိလိ တိုးတက်နေတယ်။ အာဖရိကတိုက်မှာ ဆိုရင် တရုတ်က ဈေးကွက်ချဲ့ထွင်ပြီး အာဖရိကနိုင်ငံတွေ မှာ မြုပ်နှံလာသလို တရုတ်က အာဖရိက စီးပွားရေး ပြဿ နာတွေ ကို ဖြေရှင်း ပေးလာတယ်။ အကူအညီလည်း ပေးလာတယ်။ အာဖရိကမှာ အိန္ဒိယက လိုအပ်တဲ့ရေနံကို တူးဖော်လာတာလည်း တွေ့ ပရပါတယ်။ အာရှတိုက်ဟာ အရင်က မားမနောက်ပိတ်ခွေး ဘဝကနေ ယခုဆိုရင် ကမ္ဘာက အာရုံစိုက်လာရတဲ့ ဒေသကြီး ဖြစ်လာပြီ။ တရုတ်၊ အိန္ဒိယသာမကပါဘူး၊ ကျွန်တဲ့ ဗီယက်နမ်၊ စင်ကာပူ၊ မလေးရှား စတဲ့ နိုင်ငံတွေ ရဲ့ စီးပွားရေး အင်အားဟာလည်း အလွန် တိုးတက်လာတာ တွေ့ရပါတယ်။ နိုင်ငံတိုင်းဟာ မိမိတိုင်းပြည်ရဲ့ နိုင်ငံရေး တည်ငြိမ်အောင် အတတ်နိုင်ဆုံး ကြိုးစားလာကြသလို နိုင်ငံရေး နဲ့ ဆက်နွယ်တဲ့ စီးပွားရေး အားကောင်းလာအောင် လည်း ကြိုးစားလာကြပါတယ်။

ဒါကြောင့် ၂၀၁၁ ခုနှစ် ကစတင်ပြီး စီးပွားရေး ၊ နိုင်ငံရေး အပြောင်းအလဲတွေ လုပ်လာတဲ့ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၂ ခုနှစ် မှာ အောင်မြင်အောင် ဘယ်လိုလုပ်ကြမလဲ။ ဘာတွေ လုပ်သင့် သလဲ၊ ဘယ်လောက်လုပ်ကြမလဲဆိုတာကို လေ့လာသုံးသပ်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံမှာ ပီပြင်တဲ့ ဈေးကွက်စီးပွားရေး စနစ်ကို ဖော်ဆောင်ဖို့ ပထမဆုံးလိုပါတယ်။ အဲဒီလို ဖော်ဆောင်ဖို့ နိုင်ငံရေး လွတ်လပ်မှု တွေ ကို အရင်လုပ်ဆောင်ဖို့ လိုပါတယ်။ လူတိုင်းရဲ့ မွေးရာပါ အခွင့်အရေး ဖြစ်တဲ့ လွတ်လပ်စွာ ရေး သားခွင့်၊ ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်ဆိုတာ တွေ ကို ခြွင်းချက်မရှိ၊ အနှောင်အတည်းမရှိဘဲ ခွင့်ပြုဖို့ လိုတယ်။ ပြည်သူလူထုက ရွေးချယ် တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီအကျဆုံး အစိုးရအဖွဲ့ကို ဖွဲ့စည်းခွင့်ပေးဖို့ လိုတယ်။ ဒီလို နိုင်ငံရေး လွတ်လပ်မှု နှင့် အတူ စီးပွားရေး လွတ်လပ်မှု ကို ရိုးရိုးသားသား မှန်မှန်ကန်ကန် ခွင့်ပြုလုပ်ဆောင်ဖို့ လိုပါတယ်။

အရေး ကြီးတာက FDI လို့ခေါ်တဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ကို

ပီပီပြင်ပြင် ခွင့်ပြုရ လိမ့်မယ်။ ရင်းနှီးမြှုပ်နှံလာတဲ့သူတွေ ကိုလည်း ခိုင်မာတဲ့ အာမခံချက် ပေးရပါလိမ့်မယ်။ မြန်မာနိုင်ငံ မှာ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ကစပြီး လွတ်လပ်တဲ့ဈေးကွက်စီးပွားရေး စနစ်ကို ဖော်ဆောင်လာ တာပါ။ ဒါပေမဲ့ ပီပြင်တဲ့ ဈေးကွက်စီးပွားရေး စနစ် မ ဖြစ်သေးပါဘူး။ အထူးသဖြင့် တရုတ်က ရင်းနှီး မြှုပ်နှံတာတို့၊ ပြင်သစ်၊ စင်ကာပူက ရင်းနှီးမြှုပ်နှံတာတို့ ရှိပါတယ်။ စက်မှု လုပ်ငန်းတွေ ထက် ရေနံ သယံဇာတအတွက် လာရောက်မြှုပ်နှံတာကပဲ များ နေပါတယ်။ တကယ်လိုအပ်တာက အနောက် နိုင်ငံတွေ ရဲ့ ရင်းနှီးမြှုပ်နှံမှု ပဲ။ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေ က ရင်းနှီးမြှုပ်နှံမှု အလွန်လိုအပ် တယ်။ တရုတ်ပြည်မှာ စီးပွားရေး ပြုပြင်ပြောင်းလဲရေး စလုပ်တုန်းက၊ စီးပွားရေး ဖုန်တွေ စလုပ်တုန်း က အနောက်နိုင်ငံ့တွေ က တစ်စတစ်စ ရင်းနှီးမြှု ပ်နှံလာတာဟာ တရုတ် ဒီအခြေအနေရောက်ခဲ့ တာပါ။ တရုတ်စီးပွားရေး တောင့်တင်းလာတာဟာ အမေရိကန်နိုင်ငံ ကုမ္ပဏီကြီးတွေ လာရောက် မြှုပ်နှံတာကြောင့် ဖြစ်တယ်လို့ တရုတ်က ဝန်ခံတယ်။ ဒါကြောင့် ဒီနှစ် နိုင်ငံက ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြစ်နေတာပေ့ါ။ အမေရိကန်က အရင်းအနှီးတွေ ထုတ်ပြီး စွန့်ခွာရင် တရုတ်စီးပွားရေး ထိခိုက်မှာ ပါပဲ။ ဒါပေမဲ့ အမေရိကန်ကုမ္ပဏီကြီးတွေ ကလည်း သူတို့အကျိုးစီးပွားအတွက် နောက်ဆုတ်မှာ မဟုတ်ပါဘူး။ အခု လတ်တလောမှာ တော့ မြန်မာနိုင်ငံမှာ အိန္ဒိယက တာတာလို ကားကုမ္ပဏီမျိုး၊ မလေးရှားက ပရိုတွန်လို ကုမ္ပဏီမျိုးတွေ က လာရောက်ကြတယ်လို့ သိရတယ်။ ဂျပန်၊ အိန္ဒိယ စတဲ့ နိုင်ငံတွေ ကလည်း တစ်စတစ်စ ရင်းနှီးမြှုပ်နှံလာကြတယ်။ မြန်မာ့စီးပွားရေး ဟာ အရင်လို မဟုတ်ဘဲ ထွန်းတောက်လာတာ ကတော့ အမှန်ပါပဲ။ လက်ခံသည် ဖြစ်စေ လက်မခံသည် ဖြစ်စေ မြန်မာ့စီးပွားရေး ပြောင်းလဲမှု ကို ပီပြင်အောင် ကြိုး စားနေတယ်လို့ ဆိုရပါမယ်။ ဒီလိုကြိုး စား နေချိန်မှာ အစိုးရအဖွဲ့ထဲကရော၊ အစိုးရအသိုင်းအဝန်း ပတ်ဝန်းကျင်ကရော နောက်ပြန်ဆွဲမယ့်သူ တွေ ကို သတိထား ရှောင်ကျဉ်ရလိမ့်မယ်။ ပြည်သူလူထု ကတော့ ၁၉၆၂ ခုနှစ် ကတည်းက တင်းကျပ်ချုပ်ချယ်ခြင်း ခံလာရတော့ အခြေအနေကို မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ စောင့်ကြည့်နေ မှာ အမှန်ပါပဲ။ မြင်သာထင်သာရှိတာကို ကူညီကြလိမ့်မယ်။ ပွင့်လင်းမှု မရှိတာတွေ ကို ဝေဖန်ကြလိမ့် မယ်။ မှား နေတဲ့ မူဝါဒတွေ ကို ဆန့်ကျင်ပါလိမ့်မယ်။ ဒါဟာ

ဒီမိုကရေစီနိုင်ငံမှာ လုပ်သင့်လုပ်ထိုက် တာတွေ ဖြစ်သလို အာဏာပိုင်တွေ ကလည်း ခွင့်ပြု သင့် ခွင့်ပြုထိုက်တဲ့ လူ့အခွင့်အရေး တွေ ဖြစ်ပါ တယ်။

၂၀၁၂ ခုနှစ် မှာ မြန်မာနိုင်ငံမှာ စက်ရုံ အလုပ်ရုံတွေ အများ ကြီး ပေါ်လာမှာ ဖြစ်တယ်။ ပြည်တွင် းလုပ်ငန်းရှင်ကြီးတွေ ရဲ့ စက်ရုံတွေ တိုးချဲ့မှာ ဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ ရဲ့ စက်ရုံတွေ မီးခိုးတလူလူနဲ့ ဖြစ်နေမှာ ကို တွေ့လာရတယ်။ အဲဒီ လို တည်ဆောက်လိုက်တဲ့ အလုပ်ရုံ စက်ရုံတွေ နဲ့ပအတူ အလုပ်သမား အများ အပြားလည်း ပေါ်ပေါက်လာတာကို တွေ့ရပါမယ်။ တရုတ်ပြည် စီးပွားရေး တိုးတက်တဲ့အထဲမှာ လုပ်ခနည်းတဲ့ အလုပ်သမားတွေ စီစဉ်ပေးနိုင်လို့ပါပဲ။ လူဦးရေ သန်းချီရှိတဲ့ တရုတ်ပြည်သူတွေ ဟာ စက်ရုံတွေ မှာ လုပ်လာနိုင်တယ်။ ပုံမှန်လစာတွေ ရလာတယ်။ ဒီလိုရလာတာဟာ အနောက်နိုင်ငံက အလုပ်သမားတွေ ရဲ့ လစာထက် အဆမတန် နည်းနေပါတယ်။ ဒါပေမဲ့ သူတို့အတွက်က နည်းတယ်လို့ မဆိုနိုင်တာကြောင့် အလုပ်ကို အားကျိုး မာန်တက် လုပ်တဲ့အတွက် တရုတ်စီးပွားရေး တိုးတက်လာတာပါပဲ။

မြန်မာနိုင်ငံမှာ အလုပ်သမားများ စွာ ပေါ်ပေါက်လာမှာ ပါပဲ။ ဒီတစ်ခါ အလုပ်သမားတွေ နဲ့ပတ်သက်တဲ့ အခွင့်အရေး တွေ ထိုက်ထိုက်တန်တန် ရလာဖို့အတွက် အစိုးရကရော၊ အလုပ် သမားတွေ ကရော၊ နိုင်ငံရေး ပါတီ အဖွဲ့အစည်းတွေ ကပါ စဉ်းစားဆုံးဖြတ်ဖို့ လိုလာပါပြီ။ နိုင်ငံခြားက လာရောက်ဖွင့်လှစ်တဲ့ အလုပ်ရုံတွေ မှာ အလုပ်သမားပြဿ နာတွေ ပေါ်လာတာကြားရပါတယ်။ လှိုင်သာယာ၊ ရွှေပြည်သာမှာ ရှိတဲ့ အထည်ချုပ်စက်ရုံတွေ မှာ လုပ်အားခပြဿ နာ၊ အချိန်ပို ဆင်းရတဲ့ ပြဿ နာ၊ မနားမနေဘဲ ခိုင်းစေတဲ့ ပြဿ နာတွေ ကို ကြားရပါတယ်။ အလုပ်သမား တွေ ကို ဖြုတ်ချင်တဲ့အချိန် ဖြုတ်၊ ရသင့်တာတွေ ကို မပေးဘဲ ထားတာတွေ လည်း ရှိပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ် မှာ လွတ်လပ်တဲ့ အလုပ်သမားအဖွဲ့အစည်းတွေ ဖွဲ့စည်းခွင့်ပေးရပါမယ်။ ဒီအလုပ်ရုံတွေ က အလုပ်သမားတွေ ပဲ ဦးစီးပြီး တရားမျှတ မှန်ကန်တဲ့ အလုပ်သမားအခွင့်အရေး တွေ ကို အဲဒီ က အလုပ်သမား အစည်းအရုံးကနေ တောင်းဆိုရပါမယ်။ သူတို့ဟာ နိုင်ငံရေး အဖွဲ့အစည်း မဟုတ်ပါဘူး။ သူတို့ အလုပ်ထဲက အလုပ်သမားတွေ အတွက် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

ဒီအခါမှာ အလုပ်သမားတွေ ရဲ့ လုပ်အားနဲ့ လုပ်ခညီမျှဖို့ အလုပ်ချိန်ကို နိုင်ငံတကာ စံနှုန်းအရ ၈ နာရီထက် မပိုဖို့၊ စက်ရုံက လိုအပ်လို့ အချိန်ပိုဆင်းရမယ်ဆိုရင်လည်း သင့်တင့် မျှတတဲ့ အချိန်ပို လုပ်ခကို ပေးဖို့ကို အလုပ်သမားအစည်းအရုံးနဲ့ အလုပ်ရှင် ညှိနှိုင်းပြီး ဆုံးဖြတ်ကြရမှာ ဖြစ်တယ်။ အလုပ်သမားတိုင်းဟာ ဘယ်အလုပ်သမားမဆို အလုပ်ရှင်က သူတို့ရဲ့ လုပ်အားထဲကနေ အစွန်းထွက်တန်ဖိုးကို ထုတ်ယူလျက်ရှိတာချည်းပါပဲ။ အဲဒီ အစွန်းထွက်တန်ဖိုး ထုတ်ယူမှု နည်းပါးအောင် လုပ်အားနဲ့ လုပ်ခမျှတအောင် တကယ်တောင်းဆိုရမှာ က အလုပ်သမား တွေ ရဲ့ အကျိုး စီးပွားအတွက် အမှန်တကယ်ဆောင်ရွယ်မယ့် အလုပ်သမားအစည်းအရုံးပဲ ဖြစ်ပါတယ်။

အလုပ်သမားတွေ အနေနဲ့ ဝေးလံတဲ့နေရာကလာပြီး စက်ရုံတွေ မှာ အလုပ်လုပ်ရတဲ့အတွက် သူတို့အတွက် တန်းလျားတွေ ဆောက်လုပ်ပြီး နေထိုင်ခွင့်ပေးရမယ်၊ အခမဲ့ ခွင့်ပြုရမယ်လို့ဆိုတာ ပါ။ စက်ကိရိယာနဲ့ လုပ်တဲ့ အလုပ်သမားတွေ မှာ အချိန်မရွေး ထိခိုက်နိုင်တယ်၊ အသက်အန္တရာယ် တောင် ဖြစ်နိုင်ပါတယ်။ ဒီအတွက် အလုပ်ရှင်က အာမခံချက်ပေးရမယ်။ ထိခိုက်မှု ရှိလာရင်လည်း နစ်နာမှု ကို အပြည့်အဝ အမှန်အကန်ပေးရမယ်။ စက်ရုံရဲ့ ကုန်ထုတ်လုပ်မှု မြင့်မားဖို့ တကယ် အလုပ်လုပ်ပေးနေတဲ့ အလုပ်သမားတွေ အတွက် ဆရာဝန်နဲ့ ဆေးဝန်ထမ်းတွေ ခန့်အပ်ပြီး ဆေးကုသမှု ပေးရမယ်။ လိုအပ်တဲ့ ဝတ်စုံတွေ ကိုလည်း စက်ရုံက အလုပ်သမားထံမှ ငွေဖြတ်တောက်မှု မရှိဘဲ ဝတ်ဆင်ပေးရမယ်။ ခမောက်လို၊ လည်ရှည်ဖိနပ်လို ဖိနပ်တွေ ကိုလည်း အခမဲ့ပေးရမှာ ဖြစ်တယ်။ နှစ် စဉ် ထူးချွန်တဲ့အလုပ်သမားတွေ ကိုလည်း ဆုကြေးပေးသလို အမြတ် အစွန်းတွက်ချက်ပြီး အလုပ်သမားတိုင်းကို Bonus လည်း ပေးဖို့အတွက် အလုပ်သမားအစည်း အရုံးတွေ က တာဝန်ယူတောင်းဆိုရမှာ ဖြစ်သလို နိုင်ငံတော် အစိုးရကလည်း အလုပ်သမားတွေ ဘက်ကနေ ဆီလျော်တဲ့ တောင်းဆိုမှု တွေ ကို အလုပ်ရှင်ထံက တရားနည်းလမ်းကျကျ တောင်းဆို ပေးရမယ်။ အလုပ်သမားတွေ အားကိုးယုံကြည်ရမယ်။ အလုပ်သမားတွေ ဘက်ကပဲ ဖြေရှင်းကူညီ တဲ့ အလုပ်သမားဌာန ဖြစ်သင့်ပါတယ်။ ယခင်လို စက်ရုံတွေ မှာ နိုင်ငံပိုင်မဟုတ်တော့တဲ့အတွက်

အလုပ်သမားအစည်းအရုံးတွေ ဟာလည်း အလုပ်သမားဘက်ကပဲ ထောက်ခံကူညီမှု ပြု လုပ်ရမှာ ပါ။ ယခုဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လည်း လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်ကို ခွင့်ပြုလိုက်ပြီ။ လွတ်လပ်စွာ ရေး သားခွင့်ကိုလည်း တစ်စထက်တစ်စ ခွင့်ပြုနေပါတယ်။ လူ့အခွင့်အရေး ကော်မတီ တွေ ဖွဲ့ပြီး လူ့အခွင့်အရေး အတွက် ရပ်တည်ပေးမယ်လို့ ကြေညာတာ တွေ့ရပါတယ်။ ဒါတွေ ဟာ နှုတ်ဖျားပေါ်မှာ နဲ့ စာရွက်ပေါ်မှာ သာ ကွယ်ပျောက်ဖို့မ ဖြစ်သင့်ပါဘူး။ လက်တွေ့ ဖြစ်ဖို့ကို ပြည်သူ တွေ က စောင့်ကြည့်နေပါတယ်။ ဗြိတိသျှလက်ထပ်ကတည်းက ဒါတွေ ကို ကြုံခဲ့ရပါပြီ။ ပြည်သူတွေ ဟာ လက်တွေ့ကိုသာ ယုံကြည်ပါလိမ့်မယ်။ သူတို့အကျိုးအတွက် လုပ်ဆောင်သူမှန်သမျှကို သူတို့ ဟာ ရိုသေလေးစားမှု ရှိရှိနဲ့ အဲဒီ ခေါင်းဆောင်နောက် လိုက်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အလုပ် သမား၊ လယ်သမား၊ စာရေး စာချီ၊ ကျောင်းသား စတဲ့ လူတန်းစားအသီးသီးက မိမိတို့ဆန္ဒကို ထုတ်ဖော်ပြသခွင့်၊ ဆန္ဒပြခွင့်၊ သပိတ်မှော က်ခွင့်တွေ ကိုလည်း မလွှဲမသွေ ခွင့်ပြုရပါလိမ့်မယ်။ ၂၀၁၂ ဟာ ကမ္ဘာလောကကြီးအတွက် သာယာတဲ့ နှစ် သစ် ဖြစ်အောင်၊ မြန်မာနိုင်ငံတော် အတွက် ဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော် သစ်ကြီး ဖြစ်အောင် အားလုံးလက်တွဲ ပြီး ကြိုး ပမ်းအားထုတ်ဖို့ လိုအပ် ပါတယ်။

၂၃-ဒီဇင်ဘာ-၂၀၁၁

မြန်မာသမားဂျာနယ်

******

# နိုင်ငံတော် နှင့် ပြည်သူ့အာဏာ

လူ ဖြစ်လာခြင်း၊ ပုဂ္ဂလိကပိုင်ဆိုင်မှု ကြီးမားလာခြင်း၊ လူတန်းစား ကွဲပြားလာခြင်း စသော လူသား၏ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များ တွင် အဓိကမှာ အာဏာပြဿ နာ ဖြစ်ပါသည်။ လူတန်းစားတိုက်ပွဲများ ပြင်းထန်လာသလို ဓန၊ လက်နက်၊ အင်အားရှိသူက အာဏာရှိသူ ဖြစ်လာ သည်မှာ သမိုင်းတွင် အထင်အရှား ဖြစ်သည်။ သမိုင်း ဖြစ်စဉ်များ ကို ပြန်လည် သုံးသပ်ရာတွင် တချို့က သိရှိသော ဆန္ဒစွဲများ ဖြင့် သမိုင်းအမှာ းကို အမှန်ဟု ကောက်ချက်ချထားခဲ့ကြသည်။ မကြာသေးမီက ပန်းချီဆရာမောင်ဒီက ဂျာနယ်တစ်စောင်တွင် ကိုကိုမောင်ကြီး၏ စာအုပ်ပါ အရေး အသား ဖြစ်သော ဦးနေဝင်း တရားထိုင်ရာမှ အမြင်မှန် ရရှိခဲ့ပုံ၊ သူသည် တရားကို စောစောစီးစီး ထိုင် ဖြစ်ခဲ့လျှင် အာဏာသိမ်း ဖြစ်မည် မဟုတ်ဟု မဆလပါတီခေတ်က ပါတီစုံ ဒီမိုကရေစီ ခွင့်ပြုရန် ကြံရွယ်နေစဉ် ကေပတို့ကြောင့် ပါလီမန် ဒီမိုကရေစီစနစ် ပျက်သုဉ်းခဲ့သည်ဟု ရေး ထား၏ ။ ထိုအ ဖြစ်မှာ သမိုင်းတွင် မှတ်တမ်းတင်ထားခဲ့သည် မဟုတ်ပါ။ ထိုသည်ကို ကိုကိုမောင်ကြီး၏ အရေး အား မောင်ဒီက ဂျာနယ်တစ်စောင်တွင် လူတတ်ကြီးလုပ်ကာ ရေး သားခဲ့လေသည်။ မောင်ဒီသည် ပန်းချီသာဆွဲတတ်ပြီး သမိုင်းကြောင်းသိသူ မဟုတ်၊ နိုင်ငံရေး အကြောင်းလည်း သိသူမဟုတ်ပေ။ ကိုကိုမောင်ကြီးက ဦးနေဝင်းက ထိုသို့ ပြောလိုက်သည်ဆိုသည်မှာ လည်း သူရေး ၍ သာဖတ်ရသည် သက်သေ အထောက်အထား ရှိသည်မဟုတ်။ မဆလခေတ်တစ်လျှောက် လုံး လုပ်ဆောင်ချက်များ ကိုကြည့်လျှင် လစ်ဘရယ်ဒီမိုကရေစီစနစ်ကို မကျင့်သုံးနိုင်ကြောင်း သိသာပါသည်။

လွန်ခဲ့သော နှစ် ပေါင်း ၅၀၊ ၆၀ လောက်က နိုင်ငံရေး ဖြစ်ရပ်များ ကို ပြောသံဖြင့် အမှန်ဟု သာ မှတ်တမ်းရေး သားကြသည်။ ဥပမာ ပြည်တွင် းစစ် ဖြစ်ရခြင်း၊ ကွန်မြူနစ်ပါတီ တောခိုရခြင်း၊ အလံနီများ တောခိုရခြင်း၊ ပြည်သူ့ရဲဘော်နှင့် လူမျိုးစုတပ်ဖွဲ့များ လက်နက်ကိုင် သူပုန်ထရခြင်းကို အစဉ်အလာရှိသူများ ကပင် အမျိုးသား စည်းရုံးရေး ပြိုကွဲစေသော ကောက်ချက်များ ကို ချကြလေ သည်။ ဆူပူသော င်းကျန်း၍ လက်နက်ကိုင်သယောင်၊

သူပုန်ထသယောင် ရေး သားတတ်ကြသည်။ အမှန်မှာ ဖဆပလအဖွဲ့နှင့် ကွန်မြူ နစ်ပါတီအပါအဝင် လူမျိုးစုအဖွဲ့များ ၊ နိုင်ငံရေး ပါတီများ အာဏာ ပြသရာတွင် အခြေခံသဘောထားကွဲကာ ပြည်တွင် းစစ်ကြီး ဖြစ်ပွားခဲ့ရခြင်း ဖြစ်သည်။ ထိုပြဿ နာ တွင် ဗားကရာချောက်ကို ဆိုရှယ်လစ်အရိုးများ ဖြင့် ဖို့လိုက်မည် ဆိုသော မခိုင်လုံသော စကားများ ကို ကိုးကားရေး သားခြင်းမျိုး၊ ရွှေတိဂုံဘုရား၏ ရွှေများ ကို ခွာယူသည်ဆိုသော ညံ့ဖျင်းသော စကား များ ဖြင့် သမိုင်းမဟုတ်သော သမိုင်းများ အ ဖြစ် ရေး သားကြသည်ကို ဆင်ခြင်သင့်လေသည်။ ထို့ကြောင့် သမိုင်းကို သုံးသပ်ရာတွင် မှန်၏ မမှန်၏ ၊ အထောက်အထား ခိုင်လုံ၏ မခိုင်လုံ၏ ကို အခြေခံ၍ တိကျခိုင်လုံစွာ ရေး သားသင့်ပေသည်။

သမိုင်း ဖြစ်စဉ်များ တွင် အာဏာပြဿ နာသည် အဓိကအကျဆုံး ဖြစ်သည်။ အတွေ းအခေါ် အဘိဓမ္မာအရလည်း နိုင်ငံရေး တိုက်ပွဲများ တွင် အာဏာကို အခြေခံပြီး တိုက်ပွဲများ ဖြစ်ရသည်မှာ လည်း ငြင်းကွယ်၍ မရပေ။ တစ်ပါတီအာဏာရှင်၊ စစ်အာဏာရှင်၊ သက်ဦးဆံပိုင်အာဏာ၊ ဘုရင် အာဏာ စသည် စသည်ဖြင့် အုပ်ချုပ်သော စနစ်အပေါ် အခြေခံပြီး အာဏာကို ခွဲခြားတတ်သော် လည်း စင်စစ်အားဖြင့် အာဏာဆိုသည်မှာ လူအများ အတွက် အာဏာလား၊ လူတစ်ဦးနှင့် လူတစ်စု အတွက် အာဏာလားဟူ၍ ရှိသည်။ သမိုင်းခေတ်များ အရ အင်အားအကောင်းဆုံးသူသည် အာဏာရှိသူ ဖြစ်၏ ။ တောတွင် း ဥပဒေသအရ Survival of Fittest အသန်မာဆုံးသူသည် ရှင်သန် နိုင်သည်ဆိုသည့် စကားအရ တိရစ္ဆာန်များ တွင် တစ်ကောင်နှင့် တစ်ကောင် ကိုက်ခဲသတ်ဖြတ်ပြီး အနိုင်ရသူက တောတွင် းတွင် လွှမ်းမိုးနိုင်သူ ဖြစ်လာသည်။ Might is Power ဆိုသည့်အတိုင်း အင်အားအတောင့်တင်းဆုံးသူက အာဏာအရှိဆုံးသူ ဖြစ်လာပါသည်။

သမိုင်းဦးဘုံမြေခေတ်မှနေ ဆိုရှယ်လစ်ခေတ်အထိ ခေတ်များ ကို ပိုင်းခြားရာ၌ ပိုင်ဆိုင်မှု အများ ဆုံးသူနှင့် လက်နက်အင်အား တောင့်တင်းသူက အာဏာအရှိဆုံးသူ ဖြစ်လာ၏ ။ လိုင်းကြီး ၃ လုံးဖြင့် လူ့လောကကို ပိုင်းခြားခြင်းက ခေတ် ၅ ခေတ်ကဲ့သို့ ခိုင်မာလှငြား မရှိပေ။ ခေတ်များ ကို ပိုင်းခြားရာ၌ လိုင်း ၃ လိုင်းသည် အခြေမခိုင်ပေ။ ယေဘုယျဆန်ပြီး အတိအကျလည်း မ ဖြစ်ပေ။ ကျေးပိုင်ကျွန်ပိုင်ခေတ်တွင် အင်အားရှိသူ၊

ပိုင်ဆိုင်မှု ရှိသူ၊ တပည့်တပန်း မွေးနိုင်သူ၊ လက်နက် အင်အားရှိသူက အာဏာရှိသူ ဖြစ်လာ၏ ။ မြေရှင်ပဒေသရာဇ်ခေတ်တွင် လည်း ထိုသို့ ပင် ဖြစ်၏ ။ မိမိဆွေမျိုးသားချင်း အသိုင်းအဝိုင်းတောင့်တင်းရာမှ မိမိက ဦးဆောင်၍ တပ်ဖွဲ့စည်းသည်။ လက်နက်တပ်ဆင်သည်။ အခြားသူများ က လက်နက်ကိုင်ခွင့်မရှိ။ မိမိ ဆွေမျိုး လူယုံများ ကသာ လက်နက်စွဲကိုင်၍ ပြည်သူများ ထံမှ အခွန်အတုပ် တောင်းခံကာ မြေရှင်ပဒေသရာဇ်စနစ် ထူထောင် ခဲ့ခြင်း ဖြစ်သည်။

အရင်းရှင်စနစ် ဖွံ့ဖြိုး လာပြီးနောက် အင်အားသာလွန်သော ယာဥ်များ ၊ ခေတ်မီလက်နက် များ ဖြင့် ခေတ်နောက်ကျ မဖွံ့ဖြိုး သေးသော နိုင်ငံများ အပေါ် သိမ်းပိုက်ပြီး ကိုလိုနီများ အ ဖြစ် နယ်ချဲ့ ခဲ့ရာတွင် လည်း ထိုနိုင်ငံမှ သယံဇာတများ ကို ရယူရေး အတွက် မိမိ၏ အင်အားနှင့် အာဏာကို ရက်ရက်စက်စက် အသုံးပြုခဲ့သည်။ ထိုမှ နယ်ချဲ့စနစ် စတင်ခဲ့သည်။

စက်မှု နိုင်ငံ အရင်းရှင်ကြီးများ က ကုန်ကြမ်းရယူရေး ၊ နယ်မြေတိုးချဲ့ရေး အတွက် တစ်နိုင်ငံ နှင့် တစ်နိုင်ငံ အပြိုင်လုပ်လာကြသည်။ ဓနကြွယ်ဝမှု သည် အရင်းရှင်စနစ်တွင် အဓိကအကျဆုံး ဖြစ်သော ကြောင့် ဓနပိုင်ဆိုင်ရေး တွင် အပြို င်နယ်မြေချဲ့ထွင်ခဲ့ကြရာ နယ်ချဲ့စနစ် ပေါ်ပေါက်လာခဲ့ သည်။ ထိုအခါ အရင်းရှင်နိုင်ငံများ ချင်းအပြိုင် ကိုလိုနီပြုကာ နယ်ချဲ့ရာမှ ကမ္ဘာစစ်ကြီးများ ဖြစ်ခဲ့ရ သည်မှာ အာဏာပြဿ နာကြောင့် ပင် ဖြစ်ပါသည်။ ပထမ ကမ္ဘာစစ်ကြီးတွင် ဥရောပမှ နယ်ချဲ့ သမားချင်း နယ်မြေလုရာမှနေ၍ ဖြစ်ပွားခဲ့ရသလို ဒုတိယကမ္ဘာစစ်ကြီးမှာ လည်း ဂျာမန်၊ ဂျပန်၊ အီတလီ စသော နယ်ချဲ့နိုင်ငံများ အချင်းချင်း နယ်မြေလုရာမှနေ မိမိတို့အာဏာကို အပြိုင်စိုက်ထူ ရန် စစ်ပွဲများ ဖြစ်လာကြသည်။ ထိုအခါ လက်နက်များ အပြိုင်အဆိုင် တီထွင်ထုတ်လုပ်ရာမှနေ ရှု း ကလီးယားလက်နက်များ လက်ဝယ်ပိုင်ဆိုင်ခဲ့ကြသလို နျူး ကလီးယား အန္တရာယ်မှာ လည်း ကမ္ဘာကြီးကို ခြိမ်းခြောက်လာခဲ့လေသည်။ ထို့ကြောင့် အာဏာသည် အခရာအကျဆုံး ဖြစ်သည်။ စစ်ပွဲမှန်သမျှသည် အာဏာလုပွဲများ သာ ဖြစ်၏ ။ နိုင်ငံတိုင်းတွင် အစိုးရအာဏာ ရရှိရေး အတွက် နည်းမျိုးစုံဖြင့် အာဏာလုပွဲများ ဖြစ်ပေါ်လာခဲ့လေသည်။ ယနေ့ခေတ်တွင်

လစ်ဘရယ်ဒီမိုကရေစီ က ပြဋ္ဌာန်းသော လူထုအာဏာဆိုသည်မှာ ယနေ့ ကမ္ဘာတွင် ခေတ်အစားဆုံးနှင့် ရေပန်းအစားဆုံး ဖြစ်ခဲ့၏ ။ ကမ္ဘာလူထုကလည်း ယေဘုယျအားဖြင့် လစ်ဘရယ်ဒီမိုကရေစီကို သဘောကျနေပါ သည်။ သို့ သော် လစ်ဘရယ်ဒီမိုကရေစီစနစ်ဖြင့် အာဏာရယူသည်မှာ အကြွင်းမဲ့ တရားမျှတသည် ဟု မပြောနိုင်ပေ။

ယေဘုယျအားဖြင့် အာဏာကို ခွဲခြားသတ်မှတ်ရာ၌ ပြည်သူ့အာဏာ (People's Power) နှင့် အုပ်စိုးသူလူတစ်စုအာဏာသာ ဖြစ်ပါသည်။ အုပ်စိုးသူဆိုသော လူတစ်စုမှာ ဓနဥစ္စာ အများ အပြား ပိုင်ဆိုင်သော အရင်းရှင်လူတန်းစားကို ရည်ညွှန်းသလို အများ တကာ့ အများ ဆုံး အုပ်စိုးခံ လူတန်းစားကို ဆိုလိုပါသည်။ နိုင်ငံတစ်ခုတွင် မှီတင်းနေထိုင်သူအားလုံးကို သတ်မှတ်သည်။ တချို့ နိုင်ငံရေး ဒဿ နသမားများ ကမူ အလုပ်သမား လယ်သမား၊ ဓနရှင်ပေါက်စ ပညာတတ်များ ၊ လက်လုပ်လက်စားများ ၊ အမှု ထမ်းများ နှင့် တိုင်းရင်းသားများ ကို ပြည်သူဟု သတ်မှတ်ကြပြီး အရင်းရှင်ကြီးများ ကိုမူ ပြည်သူလူထုတွင် ထည့်သွင်းထားခြင်းမရှိပေ။ ထိုပြည်သူများ ကို ကိုယ်စား ပြုသော နိုင်ငံရေး ခေါင်းဆောင်များ အာဏာရယူခြင်းကို ပြည်သူ့အာဏာဟု ဆိုကြလေသည်။ သို့ သော် ဖိလစ်ပိုင်နိုင်ငံတွင် ဖာဒီနန်မားကို့စ်နှင့် အာကွီနိုတို့ ယှဉ်ပြိုင်ရာမှာ မားကို့စ်၏ မဲလိမ်၊ မဲခိုး မှု ကြောင့် လူထုအုံကြွမှု ကြီး ဖြစ်လာကာ တပ်မတော် ကလည်း အာကွီနိုဘက်မှ မဲတင်းပေးလိုက် သလို ကက်သလစ်ဘာသာဂိုဏ်းချုပ်ကလည်း အာရိုယိုဘက်မှ မဲတင်းပေးလိုက် သဖြင့် အာကွီနို သမ္မတ ဖြစ်လာရသည်။ ထိုအရေး အခင်းကို People's Power ဟု အကြမ်းဖျင်း သတ်မှတ်သော် လည်း တကယ်တမ်းမှာ မူ ဖိလစ်ပိုင်အလုပ်သမား၊ လယ်သမားများ အာဏာရခဲ့သော အုပ်ချုပ်ရေး မျိုး မဟုတ်ပေ။ ဖိလစ်ပိုင်ပြည်သူများ အနေဖြင့် ပြည်တွင်း းစစ်ကြီးကို ခါးစည်းခံနေရသည့် အလုပ် လက်မဲ့ ဖြစ်မှု ၊ ကုန်ဈေးနှုန်းမြင့်တက်မှု ၊ ငွေကြေးတန်ဖိုး ကျဆင်းမှု စသည့် ဒုက္ခများ ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ စင်စစ် ဖိလစ်ပိုင် ပြည်သူ့အာဏာမှာ ဖိလစ်ပိုင်အရင်းရှင်ကြီးများ ကသာ ရယူခဲ့ပြီး အလုပ်သမား၊ လယ်သမား၊ အမှု ထမ်း၊ ဓနရှင်ပေါက်စ ပညာတတ်များ မှာ မူ ဖွတ်ကျောပြာစ ဒုံရင်း သာ ဖြစ်နေရပါသည်။

လစ်ဘရယ်ဒီမိုကရေစီစနစ်သည် ပြည်သူလူထုအားလုံး ပါဝင်ရွေးချယ်ပိုင်ခွင့်ရှိသည်။ ပြည်သူတိုင်း အာဏာရရှိနိုင်သော စနစ် ဖြစ်သည်ဟု သတ်မှတ်ကြသော်လည်း လစ်ဘရယ်ဒီမို ကရေစီစနစ် ကျင့်သုံးသော ပါလီမန်တိုင်းတွင် အများ တကာ့ အများ စု ဖြစ်သော အလုပ်သမား၊ လယ်သမားများ မည် ရွေ့မည် မျှ ရွေးချယ်နိုင်ခဲ့သလဲဆိုသည်မှာ သမိုင်းတွင် သိသာထင်ရှားခဲ့ပါ သည်။ ဒီမိုကရေစီမိခင်ဆိုသော အိန္ဒိယလို၊ အင်္ဂလန်လို နိုင်ငံမျိုးတွင် လူတန်းစားပေါင်းစုံ၊ ပါတီ ပေါင်းစုံက ရွေးကောက်ပွဲများ တွင် လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း ၁၉၄၇ ကစ၍ ယနေ့ ထက်တိုင် အိန္ဒိယပါလီမန်တွင် အချိန်ကြာမြင့်စွာ ရွေးချယ်ခံရသော ပါတီမှာ အိန္ဒိယ ကွန်ဂရက်ပါတီ သာ ဖြစ်သည်။ အိန္ဒိယမြေရှင်ကြီးများ နှင့် သန်းကြွယ်သူဌေးများ ထောက်ခံကူညီသော အိန္ဒိယ ကွန်ဂရက်ပါတီသာ ဖြစ်သည်။ ထို့အတူ အင်္ဂလန်တွင် လည်း ပါတီအများ အပြား ပါဝင်ယှဉ်ပြိုင်ခွင့် ရှိသော်လည်း အင်အားအတောင့်တင်းဆုံးပါတီ ဖြစ်သည့် ကွန်ဆာဗေးတစ်ပါတီနှင့် လေဘာပါတီ တို့သာ အလှည့်ကျအာဏာရယူခဲ့၏ ။ ဗြိတိသျှအစိုးရအဖွဲ့နှင့် ဗြိတိသျှပါတီကြီးနှစ် ခုကို ကိုယ်စားပြုနေသူများ မှာ ဗြိတိန်နိုင်ငံက အလုပ်သမား၊ လယ်သမားများ ၊ ပညာတတ် ဓနရှင်ပေါက်စများ မဟုတ်ပေ။ ဘီလျံနာကြီးများ က ထောက်ပံ့အားပေးသော ပါတီများ ဖြစ်လေသည်။ ထို့ကြောင့် အာဏာပြဿ နာသည် ယနေ့ထက်တိုင် ကမ္ဘာ့ပြည်သူများ ကြားထဲ အငြင်းပွားစရာ ဖြစ်နေသလို အာဏာရယူရေး အတွက် နည်းပေါင်းစုံ ရှုန်းကန်တိုက်ခိုက်နေခြင်း ဖြစ်ပါသည်။

အာဏာကို အကြမ်းဖက်ပြီး လက်နက်ဖြင့် ရယူနေသူများ က 'အာဏာသည် သေနတ် ပြောင်းဝမှ ထွက်သည်' ဟု ကြွေးကြော်ကာ လက်နက်ကိုင်ပြီး အာဏာရယူဖို့ ကြိုး စားသည်။ ထိုအခါ စစ်ပွဲများ ဖြစ်ပွားခဲ့ရ၏ ။ အာဏာ၏ နယ်ရုပ်များ ဖြစ်သော စစ်သားများ မှာ အာဏာအတွက် အသက်ပေါင်းများ စွာ ပေးခဲ့ရသလို မြေစာပင် ဖြစ်သော ပြည်သူများ မှာ အသက်အိုးအိမ်စည်းစိမ် များ စွာ ဆုံးရှုံးခဲ့ရလေသည်။ အာဏာလွန်ဆွဲပွဲကြောင့် တော် လှန်ရေး များ သည် နိုင်ငံတိုင်းတွင် ဖြစ်ပေါ်လာခဲ့သလို ကမ္ဘာကြီးမှာ လည်း အာဏာကြောင့် ကမ္ဘာစစ်ကြီးများ ဖြစ်လာခဲ့သည်။ ထိုအခါ လူ့အခွင့်အရေး ၊ ဒီမိုကရေစီရေး ၊ တရားမျှတရေး

ဆိုသော အသံများ ကျယ်လောင်လာသလို ငြိမ်းချမ်းရေး ၊ ညီညွတ်ရေး စသော ကြွေးကြော်သံများ မှာ လည်း ထိပ်သို့ တက်လာရလေသည်။ အမှန်စင်စစ်အားဖြင့် အာဏာကို မျှမျှတတ မှန်မှန်ကန်ကန် ရိုးရိုးသားသား သုံးစွဲရန်သာလိုသည်။ သွေးစုပ်မှု မရှိခြင်း၊ ခေါင်းပုံဖြတ်မှု ကင်းခြင်း၊ နိုင်ငံ၏ ဓနကို တရားမျှတစွာ မျှဝေသုံးစွဲခြင်း၊ နိုင်ငံတော် ၏ အာဏာကို အခြေခံလူတန်းစားများ အား အဓိကထား၍ ခွဲဝေပေးခြင်း၊ ဖိနှိပ်သွေးစုပ်သူများ ကို တရားနည်းလမ်းကျစွာ အရေး ယူဆောင်ရွက်ခြင်း စသည့် အလွန်အခြေခံကျသော အာဏာခွဲဝေမှု ဖြင့် အာဏာကို အသုံးပြုနိုင်ပါက လောကပါလတရားသည် ကမ္ဘာပေါ်တွင် တည်မြဲနိုင်လေသည်။ ပြည်တွင်း စစ်များ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေး လည်း တည်ဆောက်နိုင်ပေမည် ။ အင်အားကြီးသော (စစ်အင်အား၊ ဓနအင်အားကြီးသော ) နိုင်ငံကြီးများ က အင်အားနည်းသော နိုင်ငံများ အား ကျူး ကျော်ခြင်းကို ကမ္ဘာ့ပြည်သူများ က လက်တွဲ ကာ တားဆီးနိုင်သော အာဏာရှိအစိုးရများ တည်ထောင်နိုင်လျှင် ကမ္ဘာ့ငြိမ်းချမ်းရေး သည် အမှန်တကယ်ရရှိလာပေလိမ့်မည် ။ အရေး ကြီးသည် မှာ အစစ်အမှန်ဆုံးသော ပြည်သူ့အာဏာ တည်ဆောက်ရန်သာ လိုအပ်ပေသည်။

၈-ဖေဖော်ဝါရီ-၂၀၁၂

First Weekly ဂျာနယ်

******